myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 9, 2019 Volume 23, Number 6

**၉.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၇/ကျပ် |
| CBM Rate | = ၁၅၃၈.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၃.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၉၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် သစ်သီးဝလံများ နိုင်ငံတကာသို့ ပို့ဆောင်နိုင်တော့မည်

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)တွင် နိုင်ငံတကာသို့ သစ်သီးဝလံများ ပို့ဆောင်ပေးမည့် Cargo Terminal ကို စက်တင်ဘာ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့ဗဟိုပြု၍ အခြားနိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဟု MJAS Mc– Julux လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီဥက္ကဋ္ဌ Futoshi Hiroi က ပြောဆိုသည်။ လက်ရှိအဆောက်အအုံထဲမှာပဲ သွင်းကုန်ထုတ်ကုန်ခွဲထားတယ်။ ကုန်စည်က ပိုများလာပြီဆိုရင်တော့ အဆောက်အအုံတစ်ခု ထပ်ပြီးတိုးချဲ့တည်ဆောက်သွားမှာဖြစ်သလို သယ်ယူပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီတွေက ဂိုထောင်ဆောက်ချင်ရင်လည်း ခွင့်ပြုပေးမယ်။ ကုန်စည်စီးဆင်းမှုကို မန္တလေးဗဟိုပြု အကောင်အထည်ဖော်တာဖြစ်တယ်ဟု ၎င်းကပြောဆိုသည်။

အဆိုပါ Cargo Terminal မှတစ်ဆင့် လက်ရှိတွင် သီးနှံများ၊ အဝတ်အထည်များကို တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်ထိုင်းနိုင်ငံများသို့ ပို့ဆောင်ခြင်း၊ တင်သွင်းလာမှုကိုလက်ခံခြင်း ပြုလုပ်လျက်ရှိကာ အိန္ဒိယနိုင်ငံနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ အထောက်အကူဖြစ်စေမည်ဟုပြောဆိုသည်။ ယခင်က လေကြောင်းလိုင်းဖြင့် နိုင်ငံတကာသို့ Export/ Import လုပ်ဆောင်ရာ၌ ရန်ကုန်သို့ပို့ဆောင်ပြီးမှ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ပြီး ယခုအချိန်တွင် မန္တလေးမြို့မှတိုက်ရိုက်ဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ ကုန်ကျစရိတ်သက်သာပြီး အချိန်ကုန်သက်သာမည်ဖြစ်သည်။

သစ်သီးဝလံတွေကို လေကြောင်းလိုင်းနဲ့ အလွယ်တကူ မန္တလေးကနေ နိုင်ငံတကာအထိ တင်ပို့နိုင်တော့မယ်။ နောက်ပိုင်းမှာဆိုရင် အသားငါးတွေပါ တင်ပို့နိုင်ဖို့ဆက်လုပ်နိုင်မှာပါ။ ဒီလိုဝန်ဆောင်မှုက မန္တလေးက လုပ်ငန်းရှင်တွေအတွက် အဆင်ပြေမှာဖြစ်တယ်ဟု MRCCI (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းကပြောဆိုသည်။ MJas Mc–Julux ကုမ္ပဏီနှင့်လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး Cargo Terminalနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ လက တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ဧက ၁၄၀၀၀ ကျော်ကျယ်ဝန်း၍ ကုန်စည်တန်ချိန် ၄၀၀၀ ခန့်ထားရှိနိုင်ပြီး အသီးအနှံများအတွက် အအေးပေးစနစ်မှာ (–၂၀) ဒီဂရီအထိပေးနိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128072.html

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် အရောင်းအဝယ်ပြန်လည်ပြုလုပ်

တပ်မတော်နှင့်မြောက်ပိုင်းလက်နက်ကိုင်တို့အကြား ဖြစ်ပွားသည့်တိုက်ပွဲကြောင့် ကုန်သွယ်မှုများရပ်တန့်ခဲ့ရသည့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် စက်တင်ဘာ ပထမပတ်မှစ၍ အရောင်းအဝယ် အနည်းငယ်ပြန်လည်ပြုလုပ်လျက်ရှိကြောင်း စက်တင်ဘာ ၆ ရက်က ခွာညို့သစ်သီးပွဲရုံမန်နေဂျင်းဒါရိုက်တာ စိုင်းခင်မောင်က ပြောဆိုသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ပုံမှန်အရောင်းအဝယ်တွေတော့ပြန်စနေပြီ။ ဆန်တွေလည်းနည်းနည်းပြန်စနေပြီ။ အသီးကတော့ ဖရဲသီးလောက်ပဲရှိသေးတယ်။ တရုတ်ကုန်သည်တွေသိပ်မလာကြသေးဘူး။ တိုက်ပွဲကြောင့် လမ်းခရီးတွေမှာပိတ်မိနေတဲ့ ကုန်တင်ယာဉ်တွေကလည်း ပစ်ခတ်မှုမရှိတဲ့အချိန်မှပဲ အခြေအနေကြည့်ပြီးသွားလာနေရတယ်"ဟု စိုင်းခင်မောင်က ရှင်းပြခဲ့သည်။ တိုက်ပွဲများကြောင့် မူဆယ်ကုန်သွယ်ရေးဇုန်တွင် ဩဂုတ် ၁၅ ရက်မှစတင်ကာ ကုန်သွယ်မှုလုပ်ငန်းများ ရပ်နားထားရခြင်းဖြစ်ပြီး စက်တင်ဘာပထမပတ်အတွင်း ဆန်နှင့်သကြားစသည့်ကုန်စည်များကို တရုတ်ကုန်သည်အနည်းငယ်သာ လာရောက်ဝယ်ယူမှုရှိခဲ့ကြသည်။

ယခင်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် တရုတ်နိုင်ငံဘက်သို့တင်ပို့မည့် ကုန်တင်ယာဉ်စီးရေ ၃၀၀ ခန့်နှင့် တရုတ်နိုင်ငံဘက်မှ ပြန်လည်တင်သွင်းလာသည့်စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး စသည့်ကုန်တင်ယာဉ်စီးရေ ၃၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း အဝေးပြေးကုန်စည် ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်)မ ှသိရသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ယခင်က တစ်ရက်လျှင် အမေရိကန်ဒေါ်လာခြောက်သန်းခန့်အထိ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သော်လည်း တိုက်ပွဲစတင်ဖြစ်ပွားသည့်ဩဂုတ် ၁၅ ရက်ကစတင်၍ တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့်အထိသာ ကုန်သွယ်မှုပြုလုပ်နိုင်သေးသည်။ ချင်းရွှေဟော်ကုန်သွယ်ရေးဇုန်တွင်လည်း ယခင်က တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းမှ သုံးသန်းခန့်အထိ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သော်လည်း တိုက်ပွဲစတင်ဖြစ်ပွားသည့် ဩဂုတ် ၁၅ ရက်မှစတင်၍ အမေရိကန်ဒေါ်လာ ငါးသိန်းခန့်အထိသာဆောင်ရွက်နိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128066.htm

## ထိုင်းနိုင်ငံအစိုးရအနေဖြင့် ကောက်ညှင်းဆန်ဈေးကိစ္စကိုင်တွယ်ခြင်း

ထိုင်းနိုင်ငံတွင် ကောက်ညှင်းဆန် (Glutinous rice) ဈေးနှုန်းများ မြင့်တက်နေမှုကို ကိုင်တွယ်ရန် အစိုးရအနေဖြင့် ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်ပတင်ပို့သူများ အနေဖြင့် ၎င်းတို့၏ စတော့လက်ကျန်စာရင်းကို တင်ပြရန် ယမန်နေ့က အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆန်စက် ပိုင်ရှင်များ၊ ဆန်စပါး ထုတ်လုပ်သူအားလုံးနှင့် ယနေ့(၂၇.၈.၂၀၁၉)ရက်နေ့တွင် တွေ့ဆုံကာ ကောက်ညှင်းဆန်အတွက် အထူးဈေးနှုန်းကိစ္စဆွေးနွေးရန် အစည်းအဝေးခေါ်ယူ ထားကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Jurin Laksanawisit က ၎င်းအနေဖြင့် တစ်နိုင်ငံလုံးရှိ ကောက်ညှင်းဆန် အများအပြားဝယ်ယူ သိုလှောင်ထားကြသူများနှင့် ဈေးနှုန်းကစားသူများကို ဖော်ထုတ်စစ်ဆေးရန် အမိန့် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များ၊ ပြည်ပဆန် တင်ပို့သူများအနေဖြင့် ၎င်းတို့၏ လက်ကျန်ဆန်အရေအတွက်ကို တင်ပြရန်ငြင်းဆိုခြင်း (သို့မဟုတ်)လက်ကျန်စာရင်းအား မမှန်မကန်တင်ပြခြင်းများ ဆောင်ရွက်ပါက ထောင်ဒဏ် (၅)နှစ်ချမှတ်ခြင်းခံရမည် (သို့မဟုတ်)ဘတ်ငွေ (၅၀၀၀)ထက် မပိုသော ဒဏ်ကြေး ပေးဆောင်ရမည် (သို့မဟုတ်)အဆိုပါ ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံးချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။ ကောက်ညှင်းဆန် စပါးအများအပြားဝယ်ယူ သိုလှောင်ထားသူများနှင့် ဈေးကစားသူများအနေဖြင့် ထောင်ဒဏ်(၇)နှစ် (သို့မဟုတ်) ဒဏ်ငွေဘတ် (၁.၄)သိန်း (သို့မဟုတ်) အဆိုပါ ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်လုံး ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Whichai phochanakij က နောက်လဆန်း၌ ဈေးကွက်ထဲတွင် တစ်ကီလိုလျှင် (၅၀)ဘတ် လျှော့ဈေးနှုန်းဖြင့် ဖြစ်လာနိုင်စရာရှိကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ ပြည်တွင်း ကောက်ညှင်းဆန် ဈေးနှုန်းမှာ ပြီးခဲ့သည့်လက တစ်ကီလိုလျှင် (၃၅)ဘတ်မှ (၅၀)ဘတ်အထိ မြင့်တက် ခဲ့ခြင်းဖြစ်ပါသည်။ ဈေးနှုန်းများ တစ်နိုင်ငံလုံး၌ မြင့်တက်ခဲ့ရခြင်းမှာ မိုးခေါင်မှုနှင့် လွန်ခဲ့သည့် (၂)နှစ်ကျော်က ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် နောက်ပိုင်းတွင် ဈေးနှုန်းပိုရသော ဟုမ်းမလိ (hom mali  Fragrant rice )ဆန်မွှေးကိုပြောင်းရွှေ့ စိုက်ပျိုးလာကြခြင်းကြောင့်လည်းဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ပုံမှန်အားဖြင့် ပျှမ်းမျှဆန်တန်(၃.၅-၃.၆)သန်းခန့် ကြိတ်ခွဲထုတ်လုပ်ပြီး ဆန်တန်ချိန်(၃.၃-၃.၄)သန်းမှာ ပြည်တွင်းစားသုံးခြင်းဖြစ်ပါသည်။ အဓိကပြည်ပတင်ပို့သည့် ဈေးကွက် များမှာ တရုတ်၊ အမေရိကန်၊ မလေးရှားနှင့် ဂျပန်တို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ယမန်နှစ်က ကောက်ညှင်းဆန်ကွဲ တန်ချိန်(၂)သိန်း မပါဝင်သေးဘဲ ကောက်ညှင်းဆန်တန်ချိန် (၁.၈)သိန်း ပြည်ပသို့တင်ပို့ခဲ့ပါသည်။ ပထမ (၇)လ အတွင်း ထိုင်းနိုင်ငံအနေဖြင့် ကောက်ညှင်းဆန်တန်ချိန် (၆၆,၀၀၀)နှင့် ကောက်ညှင်းဆန်ကွဲတန်ချိန်(၉၁,၀၀၀)တို့အား သဘော်တင်ပို့ခဲ့ကြောင်း၊ ကောက်ညှင်းဆန်နှင့် ကောက်ညှင်းဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ချိန်(၂)သိန်း ခန့်တင်ပို့နိုင်မည်ဟုခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံပြည်ပဆန်တင်ပို့ရေးအသင်း ဥက္ကဌ Chookiat Ophaswonge ၏ ပြောကြားချက်အရသိရှိရပါသည်။ လွန်ခဲ့သော(၂)နှစ်က ဟုမ်းမလီဆန် (hom mali rice) ဈေးမြင့်တက်ခဲ့မှုကြောင့် လယ်သမားများ အနေဖြင့် ကောက်ညှင်းဆန် စိုက်ပျိုးမှုနည်းပါးခဲ့ရပြီး ဈေးများသော ဆန်မွှေး (Fragrant rice) ကို ပိုမိုစိုက်ပျိုးခဲ့ကြခြင်းဖြစ်ပါသည်။ လယ်သမားများ

အနေဖြင့် ကောက်ညှင်းဆန်ကို ၎င်းတို့၏မိသားစု စားသုံးမှုအတွက်သာ စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပါသည်။ ထိုသို့ဈေးနှုန်းမြင့်တက်မှုကြောင့် ထိုင်းကောက်ညှင်းဆန် ပြည်ပတင်ပို့မှုများ အလိုအလျှောက်ရပ်ဆိုင်းခဲ့ရပြီး ကောက်ညှင်းဆန်ပေးသွင်းနိုင်မှုမှာလည်း ယခုအချိန်တွင် အကန့်အသတ်ဖြင့်သာရှိနေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ Mr. Chookiat က မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အဆိုပြုတင်ပြချက်တစ်ခုမှာ အိမ်နီးချင်းနိုင်ငံများမှ မှောင်ခိုဝင်ရောက်လာသော ကောက်ညှင်းဆန်များကိစ္စဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အချို့နိုင်ငံများရှိ ဝယ်လက်များမှ ၎င်းတို့၏ DNA စစ်ဆေးချက်အရ ထိုင်းနိုင်ငံ၏ ကောက်ညှင်းဆန်တင်ပို့မှုများတွင် ဗီယက်နမ်ဆန်များပါဝင်နေသည်ဟု တိုင်ကြားခဲ့ကြောင်း၊ ဗီယက်နမ်ကောက်ညှင်းဆန်၏ Free-on-Board (FOB)ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၀၀)ခန့်ဈေးရှိပြီး၊ ထိုင်းကောက်ညှင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၅၀၀) ရှိကြောင်း၊ ၎င်းမှာ ထိုင်းဟုမ်းမလီဆန် ( hom mali rice ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၂၀၀)ထက် ဈေးပိုများကြောင်း၊ မှောင်ခိုဆန်များဝင်ရောက်မှုကို တားဆီးရမှာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**စီးပွားရေးသံမှူး-ဘန်ကောက်**

## ဂက်(ပ်) (GAP) သရက်သီးများ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် အရောင်းစင်တာဖွင့်လှစ်ရောင်းချမည်

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးအရောင်းကွင်းတွင် GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) သရက် သီးနှံအရောင်းစင်တာတစ်ခု ဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စက်တင်ဘာ ၄ ရက်က မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက မူဆယ်ကိုရောက်လာတဲ့ GAP သရက်သီး အရေအတွက်က နည်းသေးတယ်။ GAP သရက်သီးများလာရင်တော့ စင်တာလုပ်ဖို့ဝန်မလေးပါဘူး။ လုပ်ပေးဖို့လည်း မူအားဖြင့် သဘောတူပြီးပြီ။ သရက်သီးအရေအတွက်ပေါ်မူတည်ပြီး စင်တာပုံစံလုပ်ပေးမလား၊ မနှစ်ကနဲ့မတိမ်းမယိမ်းဆိုရင် ပွဲရုံတွေမှာ စင်တာအသေးစားလေးတွေပဲလုပ်ပေးမယ်ဟု မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောဆိုသည်။

လွန်ခဲ့သည့် သရက်သီးရာသီဖြစ်သည့် ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ ဆန်းပိုင်းအထိ မူဆယ် (၁၀၅) မိုင်သို့ လာ ရောက်ရောင်းချသည့် GAP သရက်သီးကား စီးရေ နှစ်စီးခန့်သာရှိပြီး အခြားသရက်အမျိုး အစားအစုံမှာ စီးရေ ၆၀၀၀ ကျော်ရှိသော ကြောင့် GAP သရက်သီးအရေအတွက်ပေါ်မူတည်၍ အရောင်းစင်တာ သို့မဟုတ် ပွဲရုံများတွင် တစ်ပိုင်တစ်နိုင် အသေးစားပွဲရုံလေးများ ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။ အရောင်းစင်တာတစ်ခုဖွင့်လှစ်ပါက လုပ်အား၊ ငွေအား များ သောကြောင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး စင်တာဖွင့်လှစ်ရန်အတွက် GAP စိုက်ပျိုးသည့် တောင်သူများနှင့် မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်တို့ကြား မူအားဖြင့်သဘောတူညီထားကြောင်းသိရသည်။ GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) အကြောင်း အသိပညာပေးခြင်းနှင့် GAP သရက်သီးနှံအရောင်းစင်တာတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ပြုလုပ်ထားသည်။

တရုတ်နိုင်ငံမှ ကုန်သည်များကိုလည်း GAP သရက်သီးနှံများရောင်းချနိုင်ရန် အတွက် လွန်ခဲ့သည့်ရာသီက စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ရှင်းပြရောင်းချပေးခဲ့ပြီး လွန်ခဲ့သည့်နှစ်က သရက်သီး ဝယ်လိုအားကောင်းခဲ့ကြောင်း သရက်သီးကုန် သည်များက ပြောဆိုသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံဘက်မှ တင်ပို့နေသည့် နာနတ်သီးများကို တရုတ်နိုင်ငံဘက်က ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်နေသောကြောင့် တရုတ်နိုင်ငံဘက်သို့ နာနတ်သီးတင်ပို့မှုကို ရပ်ဆိုင်းထားရသည်မှာ သုံးလခန့်ကြာမြင့်ပြီဖြစ်ကြောင်း မူဆယ် (၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။

**Source:** https://myanmar.mmtimes.com/news/128002.html

## ကုန်သွယ်ရေးစစ်ပွဲကြောင့် မလေးရှားလက်အိတ်ကုမ္ပဏီအမြတ်ထွက်

အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ၎င်းတို့ကုမ္ပဏီ အကျိုးအမြတ်ပိုမိုရရှိနေကြောင်း မလေးရှားမှ ရာဘာလက်အိတ်များထုတ်လုပ်သည့် စူပါမက်စ်ကုမ္ပဏီကပြောဆိုခဲ့သည်။ အမေရိကန်က တရုတ်လုပ် ဆေးရုံသုံးလက်အိတ်များကို စက်တင်ဘာ ၁ ရက်မှစ၍ အခွန် ၁၀ ရာခိုင်နှုန်း ကောက်ယူခဲ့ခြင်းကြောင့် အမေရိကန်သို့ တရုတ်လက်အိတ်တင်ပို့မှု လျော့ကျခဲ့ပြီး စူပါမက်စ်၏တင်ပို့မှု မြင့်တက်လာခဲ့သည်။ လက်ရှိတွင် စူပါမက်စ်က ပြည်ပသို့ လက်အိတ်များတင်ပို့မှု စုစုပေါင်း၏ ရာခိုင်နှုန်း ၃၀ သည် အမေရိကန်ပြည်ထောင်စုသို့ဖြစ်ကြောင်း စူပါမက်စ်အုပ်စု မန်နေဂျင်းဒါရိုက်တာ ဒါတွတ်ဆရီ စတန်လေထိုင်ကင်ဆင်က ပြောဆိုခဲ့သည်။

အမေရိကန် တရုတ်ကုန်သွယ်ရေးစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ထောက်ပံ့မှု ကွန်ရက်ကို ဆက်လက်နှောင့်ယှက်နေမည်ဖြစ်ပြီး မိမိတို့ကုမ္ပဏီအတွက်မူ ကောင်းမွန်သည့်နိမိတ်လက္ခဏာဖြစ်ကြောင်း ပြောဆိုသည်။ ကမ္ဘာ့စီးပွားရေးဘီလူးကြီး

နှစ်ကောင်အကြား ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားရာတွင် အကျိုးအမြတ်ရှိသည့်နိုင်ငံများအနက် မလေးရှားသည် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်းလည်း ထိုင်ကင်ဆင်ကရှင်းပြသည်။ စူပါမက်စ်က ပြည်ပတင်ပို့သည်လက်အိတ်စုစုပေါင်းတွင် ၁၀ ရာခိုင်နှုန်းက စက်မှုလုပ်ငန်းသုံးလက်အိတ်များဖြစ်ကြောင်း၊ အမေရိကန်သည် တရုတ်လုပ်ဆေးရုံသုံးမဟုတ်သည့် လက်အိတ်များကို အခွန် ၂၅ ရာခိုင်နှုန်းအထိ ကောက်ယူနေခြင်းကြောင့် စူပါမက်စ်၏ စက်မှုလုပ်ငန်းသုံးလက်အိတ်လည်း ဈေးကွက်တိုးတက်လာရန်ရှိကြောင်းလည်းပြောသည်။

ယင်းကြောင့် စူပါမက်စ်သည် လက်ရှိရာဘာလက်အိတ် ၂၁ ဒသမ ၇၅ ဘီလီယံ ထုတ်လုပ်နေရမှ ၂၀၂၀ ဒီဇင်ဘာ၌ ၂၇ ဘီလီယံအထိ၊ ၂၀၂၄ ၌ တန်ချိန် ၄၄ ဒသမ ၁ ဘီလီယံအထိ တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားသည်။ လာမည့် ၄ နှစ်ခွဲအတွင်း ငွေလုံးငွေရင်း မလေးရှားရင်းဂစ် တစ်ဘီလီယံ ခွဲဝေသုံးစွဲရန်လည်းလျာထားသည်။ ယခုနှစ် ဇွန် ၃၀ က ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင်း ဆူပါမတ်စ်၏ဝင်ငွေသည် ရင်းဂစ် ၁ ဒသမ ၄၉ ဘီလီယံနှင့် အသားတင်အမြတ် ရင်းဂစ် ၁၂၃ ဒသမ ၇၅ သန်း ရှိပြီး လွန်ခဲ့သည့်နှစ် အလားတူကာလက ဝင်ငွေ ရင်းဂစ် ၁ ဒသမ ၃ ဘီလီယံ၊ အသားတင်အမြတ် ရင်းဂစ် ၁၀၆ ဒသမ ၆၆ သန်းထက် မြင့်တက်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128075.html

## ရော်ဘာဈေးနှုန်း မကောင်းမွန်ခြင်းကြောင့် အခက်ခဲများကြုံတွေ့နေ

ကရင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးမှုသာ အားကိုးရခြင်းကြောင့် ဈေးကွက်တွင်ရောင်းဝယ်ရာတွင် ထိုက်သင့်သည့်ဈေးရရှိရန်လိုအပ်ကြောင်း ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဌ ဦးစောတင်မောင်စိန်က ပြောသည်။ ရော်ဘာအရည်အသွေးကို ဒီထက်မက ကောင်းအောင်လုပ်ရမှာဖြစ်သလို ဈေးကွက်ရရှိဖို့ သင့်တင့်ကောင်းမွန်တဲ့ ဈေးနှုန်းတစ်ရပ်ရရှိဖို့လိုတယ်။ အခုဈေးက မကောင်းတော့အဆင်မပြေကြဘူးဟုပြောသည်။ ဈေးကွက်ရရှိရေးအတွက် ပင်လယ်ရေကြောင်းအပြင် တရုတ်သို့တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့ကပင်ကုန်သွယ်မှုဇဟိုဌာနမှ မူဆယ် ပဲ၊ ပြောင်း၊ နှမ်းကုန်သည်းများအသင်းနှင့် ကုန်စည်ဒိုင်တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်ရှိကြောင်းသိရသည်။

ထို့ပြင် ရော်ဘာစိုက်ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်ခြင်းကို နည်းစနစ်တစ်ခုအဖြစ် အသုံးပြု၍ သစ်တော မြေနှင့် သဘာဝအရင်းအမြစ်များကို အမှီပြုနေသော ဒေသခံပြည်သူအစုအဖွဲ့တို့၏ လုပ်ပိုင်ခွင့်မြှင့်တင်နိုင်သည့် နည်းလမ်း တစ်ခု ဖော်ဆောင်ပေးရန် လိုအပ်ကြောင်းသိရသည်။ မြန်မာ့ရော်ဘာသည် အရည်အသွေးကောင်းသော်လည်း ထုတ်ယူမှု နည်းစနစ်မမှန်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာအားနည်းခြင်း၊ နိုင်ငံတကာအဆင့်မီသည့် ရော်ဘာပြားများ မထုတ်လုပ်နိုင်ခြင်း စသည့်အချက်များကြောင့် ဈေးနှိမ်ခံနေရသည်။ လက်ရှိ မြန်မာ- ထိုင်းနယ်စပ် တာချီလတ်မှ ရော်ဘာတန်ချိန် ၂၄၀ ခန့် တင်ပို့လျက်ရှိပြီး၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တရုတ်၊ မလေးရှား၊ တောင်ကိုးရီးယား၊ အိန္ဒိယနိုင်ငံများသို့ တန် ၂၀၀ ကျော် တင်ပို့လျက်ရှိကြောင်းသိရသည်။

လက်ရှိ RSS-1 ရော်ဘာ တစ်တန်လျှင် ကန်ဒေါ်လာ ၁၆၅၀ မှ ၁၇၀၀ ကြား၊ RSS -2 တစ်တန်လျှင် ကန်ဒေါ်လာ ၁၆၀၀ မှ ၁၇၀၀ ကြား၊ RSS- 3 တစ်တန်လျှင် ကန်ဒေါ်လာ ၁၅၀၀ မှ ၁၆၅၀ ကြား၊ RSS- 4 တစ်တန်လျှင် ကန်ဒေါ်လာ ၁၄၅၀ မှ ၁၅၅၀ ကြား၊ RSS- 5 တစ်တန်လျှင် ကန်ဒေါ်လာ ၁၅၀၀ မှ ၁၆၀၀ ကြား အသီးသီးဈေးပေါက်နေသည်။ လက်ရှိ မြန်မာနိုင်ငံအတွင်း ရော်ဘာစိုက်ဧက ၁၆ သိန်းဝန်းကျင်ပြီး၊ ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိသည်။ ယင်းထဲမှ အစေးခြစ်နိုင်သည့် အပင်ပေါင်း ခုနစ်သန်းခန့်ရှိပြီး၊ သက်တမ်းရင့် အစေးမထွက်တော့သည့်အပင်ပေါင်း ငါးသောင်းဝန်းကျင်ထိရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2428466917238790?__xts__%5B0%5D=68.AR

## ဘင်္ဂလားဒေ့ရှ်အဝယ်ရှိ၍ ကြက်သွန်နီဈေးပြန်တက်လာ

ဈေးငြိမ်နေခဲ့တဲ့ ကြက်သွန်နီတွေ ဘင်္ဂလားဒေ့ရှ်ကအဝယ်တွေရှိလာလို့ ဈေးပြန်တက်လာပါတယ်။ ပျော်ဘွယ်မြို့နယ်က တောင်သူ ဦးအေးဆွေက ကြက်သွန်ဈေးတွေက တက်လာတယ်၊ ဘင်္ဂလားဒေ့ရှ်ကဝယ်တာကိုး၊ဒါပေမဲ့ သူတို့ကလဲ လိုအပ်သလောက်ပဲ ဝယ်သေးတာလေ၊ နောက်တစ်ပတ်ထဲ ဆက်ဆွဲရင်တော့ ဈေးကဆက်တက်ဦးမယ်လို့ ပြောပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးထွက် မုံရွာစနဲ့ပျော်ဘွယ်စတွေက ဆိုက်ခွဲကောင်းတဲ့အတွက် RC တစ်ပိဿာကို ကျပ် ၅၅၀၊ ဥကြီး တစ်ပိဿာကို ကျပ် ၈၀၀၊ ရှယ်တစ်ပိဿာကို ကျပ် ၉၀၀ နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၁၁၀၀ ရှိပါတယ်။ ဦးအေးဆွေက ဘယ်အစပဲဖြစ်ဖြစ် ဥထွားရင်ဆိုက်ခွဲကောင်း ပြီးလှရင်ပေါ့ ၈၀၀၊ ၉၀၀၊ ၁၀၀၀ နဲ့ ၁၁၀၀ ဈေးရတယ်၊

ကာလာလဲကောင်းရင်ပေါ့၊ ဆိုက်ခွဲသေးရင်တော့ ဒီဈေးထက် ၅၀ လောက်တော့ လျော့တယ်လို့ပြောပါတယ်။ ပခုက္ကူစ၊ ဆိပ်ဖြူစနဲ့မြင်းခြံစတွေကတော့ RC တစ်ပိဿာကို ကျပ် ၅၀၀၊ ဥကြီး တစ်ပိဿာကို ကျပ် ၇၅၀၊ ရှယ်တစ်ပိဿာကို ကျပ် ၈၅၀နဲ့ ထူးရှယ် တစ်ပိဿာကို ကျပ် ၉၅၀ ရှိပါတယ်။ ဦးအေးဆွေက သီတင်းကျွတ်အခါလေးမှာ ယိုးဒယားဘက်ကရော ၊ တရုတ်ဘက်ကရော အဝယ်လိုက်မယ်ဆိုရင်တော့ ဈေးဆက်တက်ဦးမယ်လို့ ပြောပါတယ်။

**Source:** https://www.kumudranews.com/news-35055?fbclid=IwAR0tPlkhtzTyrD58XCmshs0P_ nguK0eWXMGy 5Jbf9RHH5AHspWg-k7lJwgA

## ကုမ္ပဏီမှတ်ပုံတင် ID တစ်ခုတည်း digit ၉ လုံးဖြင့် တူညီစွာ အသုံးပြုနိုင်သည့်စနစ် ဌာန ၄ ခုမှာ စတင်အသုံးပြုမည်

ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျောက်အသုံးပြုရသည့် ကုမ္ပဏီမှတ်ပုံတင် ID တစ်ခုတည်း digit ၉ လုံးဖြင့်အသုံးပြုနိုင်စေရန်ရည်ရွယ်၍ DICA ၊ ကုန်သွယ်ရေး၊ အကောက်ခွန်၊ ပြည်တွင်းအခွန်ဌာနများတွင်တူညီစွာသုံးစွဲသွားမည်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် DICA(MyCo) တွင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီမှတ်ပုံတင်အမှတ်အား ကုန်သွယ်ရေး၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (ပသက) မှတ်ပုံတင်နေရာတွင် စတင်ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည့်အတွက် ကုန်သွယ်/ဦးစီးမှ သတင်းကြေငြာလွှာ (၄/၂၀၁၉) ဖြင့်ထုတ်ပြန်ကြေငြာခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေစေရန် စက်တင်ဘာ(၃) ရက်နောက်ဆုံးအစား စက်တင်ဘာ (၃၀)ရက်နေ့အထိတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စာရင်းအရပြောင်းလဲဆောင်ရွက်ရမည့် ကုမ္ပဏီပေါင်း (၃)သောင်း ကျော်ရှိနေသည့်အတွက်လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့်ကြန့်ကြာမှုမရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ဆက်လက်၍ ကုန်သွယ်/ဦးစီးတွင် ပြောင်းလဲပြင်ဆင်ပြီးပါက အကောက်ခွန် (MACCS) စနစ်သို့ ကုမ္ပဏီအချက်အလက်များအား (API) စနစ်ဖြင့် အဆင့်ဆင့် ပေးပို့ချိတ်ဆက်သွားမည်ဖြစ်ပါသည်။ လက်ရှိတွင် DICA(MyCo) စနစ်မှ ကုမ္ပဏီအချက်အလက်များအား ကုန်သွယ်/ဦးစီးသို့ အီလက်ထရောနစ်ဒေတာဖြင့်ချိတ်ဆက်ပေးပို့ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ပေးပို့ချိတ်ဆက်နိုင်ပါက ကုန်သွယ်/ဦးစီး (ပသက) မှတ်ပုံတင်ခြင်း အပါအဝင်ဆက်စပ်သည့် မှတ်ပုံတင်ခြင်းလုပ်ငန်းရပ်များအားလုံးအား လူကိုယ်တိုင် လာရောက်ရန်မလိုဘဲ အွန်လိုင်းပေါ်မှ လျှောက်ထားထုတ်ယူခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/posts/2645464398874169?__tn__=K-R

## ကုန်သွယ်ရေးစစ်ကြောင့် အာရှစက်ရုံတွေရဲ့ လုပ်ငန်းလည်ပတ်မှုများအပေါ် ထိခိုက်

အမေရိကန်နဲ့ တရုတ်အကြားက ခါးသီးတဲ့ကုန်သွယ်ရေး စစ်ပွဲဂယက်ကြောင့် ဩဂုတ်လအတွင်း အာရှဒေသတွင်းက စက်ရုံလုပ်ငန်းအများစုရဲ့ လုပ်ငန်းလည်ပတ်မှုများ နေးကွေးကျဆင်းသွားခဲ့တယ်လို့ စီးပွားရေးစစ်တမ်းတွေအရ သိရပါတယ်။ ယင်းအတွက်ကြောင့် စီးပွားရေးဆုတ်ယုတ်နိုင်မှုဆိုင်ရာ အကျိုးဆက်တွေကို ခုသာခံသာဖြစ်စေဖို့အတွက် နှိုးဆွမှုလုပ်ဆောင်ချက်သစ်တွေ လုပ်ဆောင်ဖို့ကိုလည်း မူဝါဒချမှတ်သူတွေအပေါ် တွန်းအားတွေကျရောက်လာစေခဲ့ပါတယ်။ သို့ပေမယ့် ထင်မှတ်မထားတာဘဲ တရုတ်စက်ရုံလုပ် ငန်းလည်ပတ်မှုကတော့ ယင်းဩဂုတ်လမှာ တိုးတက်လာခဲ့တယ်လို့သိရပါတယ်။ တစ်ဘက်မှာတော့ ပို့ကုန်အားပြုတဲ့ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်တို့ကတော့ ယင်းလမှာ စက်ရုံလုပ်ငန်းလည်ပတ်မှုတွေ နေးကွေးကျဆင်းခဲ့တယ်လို့သိရပါတယ်။ အာရှပို့ကုန်တွေအတွက် အလားအလာတွေကတော့ ဆက်လက်အားနည်းနေဆဲပါ၊ ဘာလို့ဆိုတော့ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ရဲ့ဂယက်ကြောင့်ပါလို့ IHS Markit ရဲ့ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးအရာရှိချုပ် Rajiv Biswas ကပြောသွားပါတယ်။

**Source:** https://economictimes.indiatimes.com/.../article.../70943190.cms

SFJ Strategy First Journal

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်မပြည့်မီနိုင်ဟုဆို

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မျှော်မှန်းထားသည့် ပမာဏတိုင်းပြည့်မီရန် မသေချာတော့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဆိုသည်။ ယခုဘဏ္ဍာနှစ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဝင်ရောက်ရန် မျှော်မှန်းထားသော်လည်း လက်ရှိဘဏ္ဍာနှစ်ကုန်ဆုံးရန် ရက်ပိုင်းအလိုအထိ ဒေါ်လာ ၄

ဒသမ ၁ ဘီလီယံသာ ဝင်ရောက်ထားသည်ဟု ကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ (ရည်မှန်းချက်ပြည့်ဖို့) အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီ လီယံဖိုး ဆွေးနွေးထားတာမရှိပါဘူးဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ပမာဏကြီးသည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်ရှိသော်လည်း ၎င်းတို့မှာ ဌာနအတွင်းလိုအပ်ချက်များ စုံစမ်းနေဆဲဖြစ်သည်ဟုဆိုသည်။ ထိုလုပ်ငန်းများမှာ အခြေခံအဆောက်အအုံနှင့် လျှပ်စစ်လုပ်ငန်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည့်သူက ဆန္ဒအရလုပ်ငန်းများမကြေညာရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်က စက်တင်ဘာ ၅ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅၀ ကျော် ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ၂ ဒသမ ၅ ဘီလီယံ ဝင်ရောက်ခဲ့သည်။ ရှိရင်းစွဲစီးပွားရေးလုပ်ငန်းများက လုပ်ငန်းထပ်မံတိုးချဲ့ခြင်းကြောင့် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိပြီး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ဒေါ်လာ သန်း ၂၂၀ ကျော် ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံရှိလာခြင်းဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံနှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ၅ ဒသမ ၇ ဘီလီယံ ဝင်ရောက်ခဲ့သည်။

**Source:** https://7daydaily.com/story/165625

## ပြည်တွင်းရွှေဈေးနှုန်း တစ်ရက်အတွင်း ကျပ် ၄၀၀၀၀ ကျော် ပြန်လည်ကျဆင်းပြီး ကျပ် ၁၂၇၀၀၀၀ ဝန်းကျင်သို့ ပြန်ရောက်



ကမ္ဘာ့ရွှေဈေးနှုန်းသည် စက်တင်ဘာ ၆ ရက်တွင် ၁၅၀၉ ဒေါ်လာဝန်းကျင်အထိ ပြန်ကျခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်း တစ်ရက်အတွင်း ကျပ် ၄၀၀၀၀ ကျော်ပြန်လည်ကျဆင်းခဲ့ပြီး ကျပ် ၁၂၇၀၀၀၀ ဝန်းကျင်သို့ ပြန်ရောက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ၁၃၁၅၀၀၀ ဖြစ်သည်။ ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက် တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက် တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက် တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့်အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ မတ်တွင် ကျပ် ၁၀၄၂၅၀၀-၁၀၇၂၀၀၀၊ ဧပြီတွင် ကျပ် ၁၀၃၆၀၀၀-၁၀၅၅၀၀၀၊ မေတွင် ကျပ် ၁၀၃၆၀၀၀-၁၀၅၉၀၀၀၊ ဇွန်တွင် ကျပ် ၁၀၅၆၀၀၀-၁၁၃၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၀၉၇၀၀၀-၁၁၅၀၀၀၀၊ ဩဂုတ်တွင် ကျပ် ၁၁၄၁၅၀၀-၁၂၆၃၀၀၀ တို့ဖြစ်သည်။ လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင်

၁၂၇၈-၁၃၂၅ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၀၇- ၁၃၄၃ ဒေါ်လာ၊ မတ်တွင် ၁၂၉၂- ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉-၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀-၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅-၁၄၂၃ ဒေါ် လာ၊ ဇူလိုင်တွင် ၁၃၈၂-၁၄၄၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၄၅၀-၁၅၄၂ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်း ကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/132970

## ပြည်တွင်းငွေကြေးဈေးကွက်မှာ အချိန်ပိုင်းအတွင်း ဒေါ်လာတန်ဖိုး အပြောင်းအလဲများဖြစ်ခဲ့

ပြည်တွင်းဈေးကွက်တွင်ဒေါ်လာတန်ဖိုးသည် အချိန်ပိုင်းအတွင်း အပြောင်းအလဲများဖြစ်ပြီး စက်တင်ဘာ ၆ ရက် ညနေဈေးပိတ်ချိန်၌ တစ်ဒေါ်လာ၁,၅၄၂ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ စက်တင်ဘာ ပထမပတ်အတွင်း ဆက်တိုက်စံချိန်တင်ခဲ့သောရွှေဈေးနောက်တွင် လိုက်ပါမြင့်တက်လာသော ဒေါ်လာသည်လည်း အချိန်ပိုင်းအတွင်း ဈေးအပြောင်းအလဲများစွာဖြစ်ခဲ့သည်။ စက်တင်ဘာ ၆ ရက် နံနက်ဈေးဖွင့်ချိန်တွင် တစ်ဒေါ်လာကျပ် ၁၅၆၀ ဖြင့် စတင်ပြီးနောက် အချိန်ပိုင်းအတွင်း ၁၅၆၅ ကျပ်သို့မြင့်တက်ကာ မွန်းလွဲပိုင်း၌ ၁၅၄၅ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ပြည်တွင်းငွေဈေး မတည်ငြိမ်သကဲ့သို့ ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းလည်း တစ်ဒေါ်လာလျှင် ၁၅၄၈ ကျပ် ဈေးဖွင့်သည်။ စက်တင်ဘာ ၅ ရက် ဈေးနှုန်းထက် တစ်ဒေါ်လာ ၁၂ ကျပ်ခန့် မြင့်တက်ခဲ့သည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာဈေး ရုတ်တရက်ကျဆင်းခြင်းနှင့်ပတ်သက်ပြီး ရောင်းသူကလည်း သိပ်မရှိဘူးဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌဒေါက်တာစိုးထွန်းကပြောသည်။ ထို့အပြင် မြန်မာ၊ တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်စည်ပို့ဆောင်မှုများရပ်တန့်နေခြင်းကြောင့် ပြည်ပမှဒေါ်လာအဝင်နည်းပြီး ပြည်တွင်းဈေးကွက်တွင် ဒေါ်လာရှားသည့်အခြေအနေဖြစ်နေသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ ပြည်တွင်း ဈေးကွက်တွင်နိုင်ငံခြားငွေလဲနှုန်းအတက်၊ အကျဖြစ်ပြီး တည်ငြိမ်မှုမရှိခြင်းကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များကမလိုလားကြောင်း ၎င်းကပြောသည်။ ဘဏ်ချေးငွေနှင့်ပတ်သက်ပြီး ပေါ်ထွက်နေသည့် ကောလာဟလများကို ပြည်သူများမစိုးရိမ်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လွှတ်တော်ကိုယ်စားလှယ်အချို့ထံမှ တစ်ဆင့် သတင်းစကားပါးသည့် သတင်းထွက်ပေါ်ပြီးနောက် နာရီပိုင်းအတွင်း ပြည်တွင်းဈေးကွက်၌ ဒေါ်လာဈေးနှင့်ရွှေဈေး ရုတ်တရက်ကျဆင်းခဲ့သည်။

ဆက်တိုက်စံချိန်တင်မြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးသည် စက်တင်ဘာ ၆ ရက်ဈေးဖွင့်ချိန်တွင် ကျပ် ၁၂၆၀၀၀၀ ဝန်းကျင်သို့ ပြန်ကျသကဲ့သို့ ၁၅၆၅ ကျပ်သို့ မြင့်တက်ခဲ့သောဒေါ်လာဈေးနှုန်းလည်း ညနေ၌ ၁၅၄၅ ကျပ်သို့ ပြန်လည်ကျဆင်းသည်။ ဘဏ်များမှ ငွေထုတ်ပြီးရွှေဝယ်စုသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ရန်ကုန်ရွှေဈေးကွက်တွင် ရွှေဈေးနှုန်းနေ့စဉ်အမြင့်ဈေးဖြင့်ဖွင့်လှစ်သည်။ ထို့ကြောင့်စက်တင်ဘာ ၅ ရက် ညနေဈေးကွက်ပိတ်ချိန်တွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့သည်။ ထို့အတူ ဒေါ်လာတန်ဖိုးလည်း စက်တင်ဘာ ၅ ရက် ညနေဈေးပိတ်ချိန်တွင် ကျပ် ၁၅၅၀ဖြင့် ဈေးပိတ်ခဲ့ပြီး နောက်တစ်ရက်နံနက်ဈေးဖွင့်ချိန် ကျပ်၁၅၆၀ ဖြင့်စတင်ခဲ့သည်။ ထို့နောက် ၁၅၆၅ ကျပ်သို့ နေ့လယ်တွင်ရောက်ရှိပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏သတင်းစကား ၊ ဗဟိုဘဏ်ဒုဥက္ကဋ္ဌ ဦးစိုးမင်း၏ ဘဏ်များနဲ့ပတ်သက်ပြီး သတင်းစကားများကြောင့် မွန်းလွဲပိုင်းကစတင်ပြီး ဈေးပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://7daydaily.com/story/165588

## မိရိုးဖလာနည်းဖြင့် ရေထွက်ပစ္စည်းထုတ်လုပ်မှု မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည်

မိရိုးဖလာနည်းဖြင့်ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် တစ်နှစ်စီမံကိန်းလုပ်ဆောင်မည်ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကပြောသည်။ မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများမှ မိရိုးဖလာနည်းဖြင့် ထုတ်လုပ်သည့်ရေထွက်ပစ္စည်းများ၊ အစားအစာအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ခြင်းဆိုင်ရာစနစ်များ တိုးတက်အကောင်အထည်ဖော်ရေး စီမံကိန်းအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအဖြစ် ငါးလုပ်ငန်းဦးစီးဌာနသည် ကန်ဒေါ်လာ ၄၉၈၈၅၀ ထောက်ပံ့ကြေးရရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနက စားသုံးသူများဘေးအန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ကာ နိုင်ငံတကာသို့ဈေးကွက်ချဲ့ထွင်နိုင်ရေး

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ စီမံကိန်းကာလသည် ၂၀၁၉ ဇူလိုင်မှ ၂၀၂၀ စက်တင်ဘာအထိဖြစ်ပြီး ပဲခူး၊ ရောဂတီ၊ ရန်ကုန်နှင့် တနင်္သာရီတိုင်းရှိ အသေးစား၊ အလတ်စား ရေထွက်ပစ္စည်း လုပ်ငန်းများတွင် အကောင်အထည်ဖော်မည်ဟု ဦးမြင့်ဇင်ထူးကပြောသည်။

မြန်မာနိုင်ငံတွင် နေ့စဉ်စားသုံးနေသည့် ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်စသည့် တိုင်းဒေသကြီးအလိုက် အသေးစား၊ အလတ်စားလုပ်ငန်းများမှ ပြုပြင်ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် နည်းပညာပံ့ပိုးခြင်း၊ သင်တန်းပေးခြင်း လုပ်ဆောင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအတွက် စီမံကိန်း ၂၃ ခုအဆိုပြုရာ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ဒုတိယအကြိမ်အဖြစ် ငါးလုပ်ငန်းကဏ္ဍအပါအဝင် စီမံကိန်း ၁၂ ခု ရွေးချယ်ခံရသည်။

**Source:** https://7daydaily.com/story/165543

## တရုတ်သို့ ဆန်တန်ချိန်ငါးသောင်း စက်တင်ဘာလကုန်အပြီး တင်ပို့မည်




တရုတ်သို့ ပင်လယ်ရေကြောင်းကတင်ပို့ရန် သဘောတူညီထားသည့် ဆန်တန်ချိန် တစ်သိန်းအနက် တန်ချိန်ငါးသောင်းကို စက်တင်ဘာလကုန်တွင် အပြီးတင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။ ရန်ကုန်ဆိပ်ကမ်းကနေ တင်ပို့ဖို့သဘောတူထားတာပါ။ အခုက တန်ငါး သောင်းအတွက် သင်္ဘောပေါ်ကို တင်နေပါပြီ။စက်တင်ဘာလထဲမှာ အပြီးသတ်တင်ပို့နိုင်မှာပါဟုအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။ ထိုသို့ ပင်လယ်ရေကြောင်းက တင်ပို့ရာတွင် တရုတ်ဘက်က ရွေးချယ်လက်ခံထားသည့် ကုမ္ပဏီ ၁၁ ခုနှင့် တိုက်ရိုက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီများကို မြန်မာကုန်ပစ္စည်း စိစစ်ရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)က စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန်တန်ချိန်တစ်သိန်းသည် တရုတ် အစိုးရပိုင်အဖွဲ့ (COFCO) နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တို့အကြား ဇွန်လ ၂၀ ရက်က ပေကျင်းမြို့တွင် နှစ်ဖက်အကြိုသဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဆန်စပါးအသင်းချုပ်နှင့် COFCO တို့ အကြား ဆန်တန်ချိန် တစ်သိန်းတင်ပို့ခြင်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလက သမ္မတဟောင်း ဦးသိန်းစိန်နှင့် တရုတ် ဝန်ကြီးချုပ်တို့တွေ့ဆုံစဉ်က ပထမအကြိမ်အဖြစ်ရရှိခဲ့သည်။ ယခုဒုတိယအကြိမ်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တရုတ်သမ္မတတို့ ၂၀၁၉ ခုနှစ်၊ ဧပြီလအတွင်းက တွေ့ဆုံမှုမှတင်ပို့ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် သုံးနှစ်ဆက်တိုက် တရုတ်က မြန်မာနိုင်ငံအတွက် ဆန်တင်ပို့ခွင့် ခွဲတမ်း မပေးခဲ့ပေ။ လက်ရှိတွင် တရုတ်ကုန်သည်များ ဆန်ဝယ်ယူမှုရပ်နားထားသည့် အခြေအနေကြောင့် ပြည်တွင်း၌ ဆန်လက်ကျန် တန်ချိန်သုံးသန်းကျော်ရှိနေသည်။ ဆန်စပါးအသင်းချုပ်က ဆန်ကွဲကို အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် နားလည်မှုစာချွန်လွှာရေးထိုးရန်၊ လက်ရှိကုမ္ပဏီ ၁၁ ခုအပြင် ထပ်မံတိုးချဲ့တင်ပို့မည့် ကုမ္ပဏီကို တင်ပြထားမှုနှင့် တရုတ်ကလိုအပ်သော ဆင်းသုခ၊ဧဝီနီ၊ ကရင်မ၊ မော်ဘီ၊ရက် ၉၀ စသော ဆန်စပါး အမျိုးအစားများကို တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန်၊ အသင်းချုပ်အောက်ရှိ ဒေသကော်မတီများကို ခရိုင်အဆင့်တွင်ဖွဲ့စည်းနိုင်ရေး ဆွေးနွေးလျက်ရှိသည်။ ထို့ပြင် အခြေခံစပါးဈေးနှုန်းကိစ္စများ၊ ပြည်တွင်း၊ ပြည်ပဈေးကွက်အခြေအနေကိစ္စများ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးနှင့် လယ်ယာကဏ္ဍစစ်တမ်းကောက်ယူရေးကိစ္စများကိုလည်းကောင်း၊ အာဖရိကသို့ ဆန်စပါးဈေးကွက်ရှာဖွေရန်သွားရောက်မည့် အစီအစဉ်များကိုလည်းကောင်းဆွေးနွေးလျက်ရှိသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2442873409160164?__tn__=K-R

## ၂၀၁၉ ခုနှစ် ဂျူလိုင်လအတွင်း ရန်ကုန်စတော့အိတ်ချိန်း အရောင်းအဝယ်ဖြစ်မှု အမြင့်ဆုံးအဖြစ် ဩဂုတ်တွင် ကျပ်နှစ်ဘီလျံခန့် ဖြစ်ပေါ်




၂၀၁၉ ခုနှစ် ရှစ်လအတွင်း လအလိုက် အရောင်းအဝယ်ဖြစ်မှုများတွင် ဩဂုတ်မှာ အရောင်းအဝယ်ဖြစ်မှု အမြင့်ဆုံးအဖြစ် ကျပ်နှစ်ဘီလျံခန့်ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ လအလိုက်ဖြစ်ပေါ်သည့် အရောင်းအဝယ်ဖြစ်မှုများအရသိရသည်။ ရန်ကုန်စတော့အိတ်ချိန်း သမိုင်းတစ်လျှောက် အရောင်းအဝယ်ဖြစ်မှု ယခုနှစ်အတွင်း စံချိန်တင်ကျဆင်းနေပြီး အရောင်းအဝယ်ဖြစ်မှု အမြင့်ဆုံးအဖြစ်မှု မတ်လတွင် ကျပ် ၃၉၆၂ သိန်းကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ပထမဆုံးအဖြစ် မေလတွင် ကျပ် ၁ ဒသမ ၄ ဘီလျံကျော် အရောင်းအဝယ် ဖြစ်ပေါ်ခဲ့သော်လည်း ဇွန်လတွင် ကျပ် ၁ ဒသမ ၃ ဘီလျံနှင့် ဇူလိုင်တွင် ကျပ် ၁ ဒသမ ၂ ဘီလျံ ကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ပြီး စတော့အိတ်ချိန်း အရောင်းအဝယ်နှစ်လဆက်တိုက် ပြန်လည်ကျဆင်းခဲ့ရာမှ ဩဂုတ်တွင် စံချိန်တင်အမြင့်ဆုံးအဖြစ် ကျပ် ၁ ဒသမ ၉၄ ဘီလျံအထိ ပြန်လည်မြင့်တက် လာခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်စတော့ အိတ်ချိန်းမှ လအလိုက်ထုတ်ပြန်သည့် အရောင်းအဝယ်စာရင်းများအရသိရသည်။

ရှယ်ယာတစ်စုလျှင် ကျပ် ၈၈၀၀ အထိ ကျဆင်းခဲ့သည့် FMI ရှယ်ယာမှာ မေလတွင် ကျပ် ၁၂၅၀၀ အထိ ပြန်လည်မြင့်တက်မှုကြောင့် ကျပ် ၆၅၆၄ သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို ကျပ် ၂၈၀၀ အထိ စျေးနှုန်းကျဆင်းထားသည့် သီလဝါရှယ်ယာမှာလည်း မေလအဖွင့်စျေးတွင် ကျပ် ၂၉၅၀ အထိရှိခဲ့ပြီး ကျပ် ၃၂၅၀ အထိ စျေးနှုန်းမြင့်တက်ကာ ကျပ် ၄၆၅၃ သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်မှုကြောင့် စတော့အိတ်ချိန်း အရောင်းအဝယ်ကျဆင်းနေသည့် ကိုးလအတွင်း ကျပ်တစ်ဘီလျံကျော် ပြန်လည်အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဇွန်လတွင်မူ စတော့အိတ်ချိန်း၌ FMI ရှယ်ယာမှာ ကျပ် ၁၁၅၀၀ အထိ ပြန်လည်ကျဆင်းသွားသော်လည်း သီလဝါရှယ်ယာမှာ ကျပ် ၃၄၅၀ အထိ ဆက်လက်မြင့်တက်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်မှုကြောင့် FMI နှင့် သီလဝါရှယ်ယာရောင်းချမှုမှ ဇွန်လအတွင်း ကျပ် သိန်း ၉၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဇူလိုင်တွင် FMI ရှယ်ယာ မှာ အမြင့်ဆုံး ကျပ် ၁၂၀၀၀ ဖြစ်ခဲ့ပြီး အနိမ့်ဆုံး ကျပ် ၁၁၀၀၀ အထိ ပြန်လည်ကျဆင်းခဲ့ပြီး သီလဝါရှယ်ယာမှာ ကျပ် ၃၃၀၀ သို့ ကျဆင်းခဲ့သော်လည်း FMI နှင့် သီလဝါရှယ်ယာ ရောင်းချမှုမှာ ဇွန်လတွင် ကျပ်တစ်ဘီလျံကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဩဂုတ်တွင်မူ ပထမပုဂ္ဂလိကဘဏ်၏ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု သုံးဆခန့်မြင့်တက်လာခြင်းနှင့် TMH တယ်လီကွန်းမှာ ယခင်လထက် အရောင်းအဝယ်ဖြစ်မှု မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး အမြတ်ဝေစုပေးမည့် သီလဝါရှယ်ယာမှာ ကျပ် ၄၄၀၀ အထိ စျေးနှုန်းပြန်လည်မြင့်တက်မှုများကြောင့် ရန်ကုန်စတော့အိတ်ချိန်း အရောင်းအဝယ်ဖြစ်မှုမှာ ယခုရှစ်လအတွင်း ဩဂုတ်လမှာအမြင့် ဆုံးအရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။
ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်ပေါ်မှုမှာ ၂၀၁၆ ခုနှစ်အတွင်း ကျပ် ၇၀ ဒသမ ၇၄ ဘီလျံကျော်ဖိုး အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် အတွင်း ကျပ် ၂၂ ဒသမ ၁၃ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည်။
၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ် ဆိုးရွားစွာကျ ဆင်းခဲ့ပြီး ရှယ်ယာအရောင်း အဝယ်ဖြစ်မှု ကျပ် ၁၁ ဘီလျံကျော်သာရှိခဲ့ကာ Block Trading အရောင်းအဝယ်ဖြစ်မှုတွင်လည်း ကျပ်ငါးဘီလျံခန့် ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ နှစ်အလိုက်ထုတ်ပြန်သည့် အရောင်းအဝယ်ဖြစ်မှုစာရင်းအရသိရပြီး လက်ရှိ ၂၀၁၉ ခုနှစ် အရောင်းအဝယ်ဖြစ်မှုများမှာလည်း ၂၀၁၈ ခုနှစ်ထက် ကျဆင်းဖွယ်ရှိကာ နှစ်ကုန်ရန် လေးလအလိုအထိ ကျပ် ၇ ဒသမ ၈ ဘီလျံခန့်သာ အရောင်းအဝယ်ဖြစ်ပေါ်ထားသည်။

**Source:** https://news-eleven.com/article/133401

# STOCK EXCHANGE (9.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 9th Sep. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 1,295 | 15,356,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,500 | +200 | +4.65% | 4,400 | 4,500 | 4,400 | 13,825 | 61,205,300 | 38,929,150 | 175,181 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 592 | 4,972,800 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | +500 | +2.04% | 24,500 | 25,000 | 24,500 | 115 | 2,848,500 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,000 | 3,050 | 3,000 | 2,428 | 7,285,050 | 12,823,224 | 39,111 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 493.14 | -3.77 | -0.76% | 498.82 | 502.13 | 493.14 | 18,255 | 91,668,150 | 5 | 675,258 |

### Index chart




## Market Overview

As of 1:00 pm, 9th Sep. 2019

| MYANPIX | 493.14 ▼3.77 |
|---|---|
| Total Volume (shares) | 18,255 |
| Total Value (MMK) | 92 mil |
| Listed Company | 5 |
| Market Cap. (MMK) | 675,258 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,500 | ▲ 200 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▲ 500 |
| TMH | 00005 | 3,050 | ▼ 50 |